# 6 ပြောင်းရွှေ့ခြင်း၊ ထွက်ခွာခြင်း

## 6-2 ပြောင်းရွှေ့ခြင်း

### (1) ပစ္စည်းထုပ်ပိုးသယ်ယူခြင်း

ပစ္စည်းများကို ထုပ်ပိုးပြီး အခန်းကိုသန့်ရှင်းစွာထားခဲ့ရမည်။ အမှိုက်များချန်မထားခဲ့ရပါ။

### (2) ကြီးမားသောအမှိုက်

အိမ်ထောင်ပရိဘောဂ အစရှိသော ကြီးမားသောအမှိုက်၊ အမှိုက်များသည် တစ်ကြိမ်တည်းအများအပြားထွက်ရှိပါက မြို့နယ်ရုံးတာဝန်ခံသို့ အမှိုက်စွန့်ပစ်ပုံ နည်းလမ်းကို သေချာစွာ မေးမြန်းရမည်။

### (3) သော့အပ်ခြင်း

သော့အပ်ပြီး စရံငွေကို တွက်ချက်ရမည်။ အိမ်ရှင်၊ အိမ်အကျိုးဆောင် တို့၏ ရှေ့တွင် စာချုပ်အတိုင်း ဝင်ရောက်နေထိုင်ခြင်းမတိုင်ခင်အခြေအနေအတိုင်း ပြန်လည်ပေးအပ်ရမည်။

※အိမ်ကိုပြန်အပ်(အိမ်ပြောင်းရွှေ့)ချိန်တွင် အခန်းကို ဝင်ရောက်မနေထိုင်မီ အခြေအနေတိုင်း ပြန်လည်ပေးအပ်ရသည်။ မည်သည့်အခြေအနေနှင့် ပြန်အပ်ရသည်ကို ချုပ်ဆိုထားသော စာချုပ်အကြောင်းအရာပေါ်မူတည်၍ ကွဲပြားသည်။ ထို့ကြောင့် စာချုပ်ချုပ်ဆိုချိန်တွင် သေချာစွာ လေ့လာရန်လိုအပ်ပြီး ဝင်ရောက်နေထိုင်ချိန်တွင်လည်း အိမ်အခြေအနေကို သေချာစွာလေ့လာကြည့်ရန် အရေးကြီးသည်။ လိုအပ်ပါက ဝင်ရောက်နေထိုင်ချိန်တွင် ဓါတ်ပုံရိုက်ထားလျှင်လည်း ကောင်းမည်ဖြစ်သည်။ ပြန်လည်ထွက်ခွာချိန်တွင် ကုန်ကျစရိတ်ကို စပေါ်ငွေမှ နုတ်ပြီး ကျန်ငွေကို ထွက်ခွာချိန် (စာချုပ်ပြီးဆုံးချိန်) တွင် ပြန်လည်ရယူနိုင်သည်။

M နေထိုင်ခြင်း၊ ပြောင်းရွှေ့ခြင်းထိပ်သို့

## (4) လိပ်စာပြောင်းရွှေ့ခြင်း

ပြောင်းရွှေ့ရာတွင်အောက်ပါအတိုင်း မမေ့မလျော့လုပ်ဆောင်ရန် လိုအပ်သည်။

### ပြောင်းရွှေ့ရာတွင် လုပ်ဆောင်ရန်လိုအပ်ချက်များ

| | လုပ်ဆောင်ရန်နည်းလမ်းများ |
|---|---|
| **နေထိုင်ရာဒေသပြောင်းလဲခြင်း** | ပြောင်းရွှေ့သည့်နေ့မှ ၁၄ရက်အတွင်း မိမိပြောင်းရွှေ့နေထိုင်ရာ မြို့နယ်ရုံးတွင် နေထိုင်ခွင့်ကတ်ပြား သို့မဟုတ် အထူးရာသက်ပန်နေထိုင်ခွင့်ထောက်ခံစာစသည်ကို ယူဆောင်ပြီး လိပ်စာသစ်ကို မှတ်ပုံတင်ရမည်။<br>ပြောင်းရွှေ့နေထိုင်ရာနေရာသည် ယခုနေထိုင်သော မြို့နယ် မဟုတ်လျှင် (ရွှေ့ပြောင်းချိန်) ရွှေ့ပြောင်းသည့်နေ့ ၁၄ရက်မတိုင်မီမှ ရွှေ့ပြောင်းမည့်အချိန်အထိအတွင်း ယခုနေထိုင်လျှက်ရှိသော မြို့နယ်ရုံးတွင် "ရွှေ့ပြောင်းအထောက်အထားစာရွက်" ကိုရယူပြီး ရွှေ့ပြောင်းသည့်နေ့မှ ၁၄ရက်အတွင်း မိမိပြောင်းရွှေ့ရာ အရပ်၏ မြို့နယ်ရုံးတွင် အချက်အလက်ပြောင်းလဲခြင်း လျှောက်လွှာနှင့် တစ်ပါတည်းတင်သွင်းရမည်။ |
| **ပြည်သူ့ကျန်းမာရေးအာမခံ၊ ပြည်သူ့ပင်စင်** | ပြောင်းရွှေ့နေထိုင်ရာဒေသသည် ယခုနေထိုင်လျက်ရှိသော မြို့နယ်မဟုတ်လျှင် (ရွှေ့ပြောင်းခြင်း) အခုနေထိုင်လျက်ရှိသော မြို့နယ်ရုံးတွင် "ပြည်သူ့ပင်စင်နှုတ်ထွက်ခြင်းအသိပေးစာ" ကို တင်သွင်းပြီး မိမိရွှေ့ပြောင်းနေထိုင်ရာ မြို့နယ်ရုံးတွင် "နေထိုင်ရာဒေသပြောင်းလဲခြင်း" ကိုပြုလုပ်ပြီးချိန်တွင် ပြည်သူ့ကျန်းမာရေးအာမခံနှင့် ပြည်သူ့ပင်စင်တို့ကို အသစ်ဝင်ရောက်မှု လုပ်ထုံးလုပ်နည်းများလုပ်ဆောင်ရမည်။ |
| **ယာဉ်မောင်းလိုင်စင်** | မိမိနေထိုင်ရာ ရဲစခန်းသို့သွားပြီး လိပ်စာရွှေ့ပြောင်းခြင်း အသိပေးစာကို တင်သွင်းရမည်။ |
| **တယ်လီဖုန်း** | စာချုပ်ချုပ်ဆိုထားသော မိုဘိုင်းဖုန်းကုမ္ပဏီသို့ လိပ်စာရွှေ့ပြောင်းခြင်း အကြောင်းကြားရမည်။ အိမ်ဖုန်းသည် NTT ၏ ၁၁၆ နံပါတ်သို့ဖုန်းဖြင့် မိမိရွှေ့ပြောင်းနေထိုင်ရာဒေသသို့ ဖုန်းလိုင်းရွှေ့ပြောင်းပေးရန် အကြောင်းကြားရမည်။ |
| **ဘဏ်** | လိပ်စာရွှေ့ပြောင်းခြင်းကိုအကြောင်းကြားရမည်။ အသေးစိတ်ကို မိမိ၏ ဘဏ်စာရင်းထားရှိရာ ဘဏ်သို့ဆက်သွယ်ပါ။ |
| **စာတိုက်** | လက်ရှိနေထိုင်လျက်ရှိသော ဒေသနှင့်ဆိုင်သော စာတိုက်ဌာနသို့ လိပ်စာရွှေ့ပြောင်းခြင်းအကြောင်းကြားစာကို အကြောင်းကြားရမည်။ ဤသို့ဖြင့် ၁နှစ်တာအတွင်း လိပ်စာသစ်သို့ စာများ၊ ပါဆယ်များကို ပြောင်းလဲပို့ပေးသည်။ |

※ပြောင်းရွှေ့ခြင်းဟူသည် လက်ရှိနေထိုင်လျက်ရှိသောအိမ်မှ အိမ်သစ်သို့ပြောင်းရွှေ့ခြင်း ဖြစ်ပြီး၊ မြို့နယ်ရုံးများတွင် "ပြောင်းရွှေ့ခြင်း" ဟူသည် ယင်းမြို့နယ်တွင်းပြောင်းရွှေ့ခြင်းကို ခေါ်ဆိုပြီး ယင်းမြို့နယ်ပြင်ပကို ပြောင်းရွှေ့ခြင်းကို "ရွှေ့ပြောင်းခြင်း" ဟုခေါ်သည်။